# ပြည်သူ့ရှုထောင့် ၊ ပြည်သူ့မူဟန် ၊ ရခိုင့်ဘဝတေးသံ

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာတမ်းအကျဉ်း | |
| | နိဒါန်း | |
| ၁။ | ရှာဖွေစုဆောင်းသူ၏ အထွေထွေပွဲတွင် | |
| ၂။ | ရခိုင့်ဘဝတေးသံဟူသည် | |
| ၃။ | ပြည်သူ့ရှုထောင့် ၊ ပြည်သူ့မူဟန် ၊ ရခိုင့်ဘဝတေးသံ | |
| | ၃၊၁။ သိုက်၊ တဘောင်၊ နိမိတ်ဟုအမည်ပေးခြင်းခံရသော တေးကဗျာ | |
| | ၃၊၂။ ဥာဏ်စမ်းသဘောပါသော တေးကဗျာ | |
| | ခြုံငုံသုံးသပ်ချက် | |
| | နိဂုံး | |
| | ကျမ်းကိုးစာရင်း | |

# ပြည်သူ့ရှုထောင့် ၊ ပြည်သူ့မူဟန် ၊ ရခိုင့်ဘဝတေးသံ

ခင်မော်မော်ဦး*


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဆရာတော်အရှင်စက္ကိန္ဒစုဆောင်းရှာဖွေပြုစုခဲ့သော "ရခိုင်သဘာဝတေးကဗျာများ" ကို ရှုထောင့်အသီးသီးမှ ရှုမြင်လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ ရခိုင်သဘာဝတေးကဗျာများသည် ရခိုင်ပြည်သူတို့၏ ဘဝအခြေအနေကို ထင်ဟပ်နေသကဲ့သို့ ခေတ်ကာလအခြေအနေ၊ ရခိုင့်ရေမြေသဘာဝ၊ လူမှုစရိုက်တိုကိုလည်း ဖော်ပြလျက်ရှိပါသည်။မျှော်လင့်ချက်မနေသော ပြည်သူတို့၏ဘဝကို အားဆေးဖြစ်စေမည့်နိမိတ် တဘောင်များဖြင့်ဖွဲ့ဆိုထားသည့် တေးကဗျာများ၊ စာပေယဉ်ကျေးမှုနယ်ပယ်ကို ချဲ့ထွင်ပေးနိုင်သည့် နန်းတွင်းမိညို၏ ဥဒါန်စမ်းတေးကဗျာ၊ ရခိုင်ပြည်သူတို့၏ စကားပုံ၊ စကားဝှက်၊ ပုစ္ဆာ၊ ပဟေဠိအသုံးများသည်လည်း ရခိုင်တို့၏ ခေတ်ကာလဝန်းကျင် ပြည်သူတို့အကြား ပေါက်ဖွားလာခဲ့ကြပါသည်။ ပြည်သူကြားမှ ပေါ်ထွက်လာသော ပြည်သူ့အသံ၊ ပြည်သူ့အာဘော်၊ ပြည်သူ့တေးကဗျာများသည် အထူးကြိုးစားအားထုတ်မှုမပါဘဲ ပြည်သူ့အကြား၌ ပျံ့နှံ့ရှင်သန်နေခဲ့ကြပေသည။

*သော့ချက်ဝေါဟာရများ*။ အရှင်စက္ကိန္ဒ၊ ရခိုင်သဘာဝတေးကဗျာများ၊ နိမိတ်တဘောင်၊ ပြည်သူအသံ၊ ပြည်သူ့အာဘော်၊ ပြည်သူ့တေးကဗျာ။


## နိဒါန်း

ဆရာတော်၏ကြိုးပမ်းမှုကြောင့် စာအုပ်အဖြစ်ရောက်ရှိခဲ့ရသော ရခိုင်သဘာဝတေးကဗျာများမှ ကောင်းနိုးရာရာကဗျာလေးများကို ရှုထောင့်နှစ်မျိုးမှရှုမြင်၍ လေ့လာတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် အခန်း(၁) ရှာဖွေစုဆောင်းသူ၏ အတ္ထုပ္ပတ္တိ၊ အခန်း(၂) ရခိုင့်ဘဝတေးသံဟူသည် ၊ အခန်း (၃) ပြည်သူ့ရှုထောင့်၊ ပြည်သူ့မူဟန်၊ ရခိုင့်ဘဝတေးသံဟူ၍ ကဏ္ဍများခွဲကာ လေ့လာတင်ပြထားပါသည်။

## ၁။ ရှာဖွေစုဆောင်းသူ၏ အတ္ထုပ္ပတ္တိ

ရခိုင်ရာဇဝင်နှင့် စာပေယဉ်ကျေးမှုများကို နှစ်ပေါင်း(၅၀)ကျော် အားသွန်ခွန်စိုက် မရပ်မနား ရှာဖွေစုဆောင်း ဖော်ထုတ်မြှင့်တင်လာသူ ဆရာတော်အရှင်စက္ကိန္ဒသည် ခမည်းတော် ဦးအောင်ထွန်းရှို၊ မယ်တော်ဒေါ်ချင်းဆုံမေတို့၏ တတိယမြောက်သားရတနာဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၁၂၉၈ခုနှစ်၊ ခရစ်နှစ် ၁၉၃၆ခုနှစ်တွင် နတ်မြစ်အနောက်ဘက်ကမ်း ခြံချောင်းရွာ၌ ဖွားမြင်သည်။ ငယ်နာမည် ညိုဇံမောင် ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး၌ အင်္ဂလိပ်အစိုးရအစီအစဉ်အရ မောင်တောမြို့နယ်လောင်းဒုံရွာတွင် လယ်သမားမိဘတို့နှင့်အတူလယ်လုပ်ခဲ့ပါသည်။ သို့သော် မူဂျာဟစ်အန္တရာယ်ကြောင့် များမကြာမီပြောင်းပြေးလာ ခဲ့ရ ပါသည်။

---

*ဒေါက်တာ၊ တွဲဖက်ပါမောက္ခ ၊ မြန်မာစာဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်။

မိဘတက ညိုဖုံမောင်အား ရန်ကုန်ရောက်ဦးကြီးထံ ရှင်သာမဏေဝတ်ခဲ့ပြီး အသက်(၂၀)တွင် မိဘတို့က ဓာတိရှာ၌ပင် ရဟန်းခံပေးခဲ့သည်။ ဥပဇ္ဈာယ်ဆရာမှာ နခေါင်းချောင်း ဆရာတော် ဦးနာဂိတဖြစ်ပါသည်။ ထိုဆရာတော်ထံ၌ပင်ပရိယတ္တိ သင်ယူသည်။ ထိုမှ တဆင့် ရန်ကုန်သို့ ပြန်ကြွပြီး မင်္ဂလာသုခပါဠိ တက္ကသိုလ်၌ ဓမ္မစရိယတန်းထိ ဆက်လက်သင်ယူသည်။ မင်္ဂလာသုခပါဠိတက္ကသိုလ်ကိုထူထောင်သူ သီဟိုဠ်ပြန်၊ ဆဋ္ဌသံဂါယနာဝန်ဆောင်၊ ခရိုင်ဝိနည်းဓိုရ် ဆရာတော်ဘုရား ဦးကေသရခြေတော်ရင်း၌ ပရိယတ္တိသင်ယူနေချိန်မှစ၍ ရန်ကုန်ရောက် ရခိုင်စာသင်သား ရဟန်းသာမဏေတို့ထံမှ မေးမြန်းကာ ရိုးရာရခိုင်ဝတ္ထု၊ သားချော့ကဗျာ စသည်တို့ကိုရသမျှစုဆောင်းသည်။တစ်ချိန်တည်းတွင် ရခိုင်ယဉ်ကျေးမှုဆောင်းပါးများကို ရခိုင့်အလင်းသတင်းစာ၊ ရခိုင့်တန်ဆောင်မဂ္ဂဇင်းတို့၌ ဖော်ထုတ်ရေးသားသည်။အရှင်စက္ကိန္ဒ ရှာဖွေစုဆောင်းထားပေးသောကဗျာများကို “ရခိုင်သဘာဝတေးကဗျာများ”ဟု အမည်ပေးပြီး ရခိုင်ရှေးဟောင်းရာဇဝင်နှင့် စာပေအဖွဲ့ရန်ကုန်က ၁၉၆၁ခုနှစ်တွင် ပုံနှိပထုတ်ဝေခဲ့သည်။ကဗျာပေါင်း(၁၀၈)ပုဒ်ပါဝင်သည်။ “ရခိုင်ဝေါဟာရအဘိဓာန်” အမည်ဖြင့် တွ ၁. (က–င) ကို၍ “ကောက်ရိုးလမ်းလောက်တော့ခင်းနိုင်ခယင့်(ခဲ့ပါရဲ့)” ဟုသာသဘောထားခဲ့ပါသည်။ အနာဂတ်ကို အကောင်းမြင်ဖြင့်ကြည့်ပြီး အုတ်လမ်း၊ ကတ္တရာလမ်းခင်းလီကတ် (ခင်းကြပေတော့) ဟူသော အဖိုးတန်စကားကို မိန့်တော်မူပါသည်။ ဆရာတော်သည် မြောက်ဦးမြို့စန္ဒမုနိကျောင်းတွင် ဦးစီးပဓာန နယကအဖြစ် ကျောင်းထိုင်သီတင်းသုံးတော်မူပါသည်။

## ၂။ ရခိုင်သဘာဝတေးကဗျာဟူသည်

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံတော်ဖြစ်ပါသည်။တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည့်အတွက် တူညီသောယဉ်ကျေးမှုများရှိသကဲ့သို့ မတူညီကွဲပြားခြားနားသော ယဉ်ကျေးမှုများလည်း ရှိကြသည်သာဖြစ်ပါသည်။ ထိုသို့သော ယဉ်ကျေးမှုများသည် ဆက်လက်တည်တံ့နေသည်များရှိသကဲ့သို့ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေကြသည်များလည်းရှိပါသည်။ ရခိုင့်ဘဝတေးသံဟူသည် ရခိုင်ပြည်သူ၊ ပြည်သားတို့၏ ရှေးခေတ်အဆက်ဆက်က သီဆိုလာခဲ့ကြသည့် ရခိုင့်ဓလေ့သဘာဝတေးကဗျာများပင်ဖြစ်ပါသည်။ ဤတေးများကို ကလေးချော့သိပ်ရာတွင် လည်းကောင်း၊ ပုခတ်လွှဲ၊ ဒန်းလွှဲကြရာတွင်လည်းကောင်း၊ ရာသီအလိုက်မိမိတို့၏ လုပ်ငန်းဆောင်တာများဖြစ်ကြသော လယ်ယာလုပ်ငန်းခွင်များ၌လည်းကောင်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ရာလုပငန်းခွင်များ၌ လည်းကောင်း၊ ကျွဲကျောင်း၊ နွားကျောင်း၊ ဟင်းရူး၊ ဟင်းရှာ သွားကြသောအခါများ၌လည်းကောင်း၊ တောဓလေ့သဘာဝပျော်ရွှင် မြူးတူးစွာ သီဆိုခဲ့ကြပါသည်။ ရခိုင့်ဘဝတေးသံများတွင် ရခိုင်ပြည်သူပြည်သားတို့၏ ဘဝအခြေအနေ ထင်ဟပ်နေသကဲ့သို့ ယဉ်ကျေးမှုဓလေ့ထုံးများလည်း ယှဉ်တပေါ်လွင်လျက်ရှိပါသည်။ ရခိုင်သဘာဝတေးကဗျာများသည် ရခိုင့်ရေမြေဒေသ၊ ခေတ်ကာလအခြေအနေ၊ ရခိုင်တို့၏ ပတ်ဝန်းကျင်၊ ရခိုင်သဘာဝနှင့် လူနေမှုစရိုက်တို့ကိုဖော်ပြထားသော ထီးဟန်၊ နန်းဟန်မပါသည့် တေးကဗျာများပင်ဖြစ်ပါသည်။ ပြည်သူတို့၏နှုတ်ဖျား၌သာ သီဆိုကျူးရင့်ခဲ့ကြသည့် တောရိုင်းပန်းကလေးများလည်း ဖြစ်ကြပါသည်။

စာနှင့် ပေနှင့် မှတ်တမ်းတင်ခဲ့ကြသည်ကိုလည်း အလျဉ်းမတွေ့ခဲ့ရပါ။ တဘောင်တေးအဖြစ် မင်းစိုးရာဇာပိုင်းတွင် ပစ်ပယ်ခြင်းခံ ခဲ့ရသည်များပင်ရှိခဲ့ပါသည်။

ရခိုင့်ဘဝတေးသံဟုခေါ်သော ရခိုင်တို့၏သဘာဝတေးကဗျာများသည် အမျိုးသားဟန်၊ ပင်ကိုဥာဏ်များနှင့် သီဆိုဖွဲ့နွဲ့သော တေးကဗျာများအဖြစ်လည်းကောင်း၊ ရခိုင်တို့၏ လူနေမှုဘဝ၊ စီးပွားရေး၊ နိုင်ငံရေး၊ ခေတ်အခြေအနေမားကို ပြည်သူ့ရှုထောင့်၊ ပြည်သူ့မှုဟန်များဖြင့် ဖော်ထုတ်ခဲ့ကြသော ခေတ်ကြေးမုံကဗျာများအဖြစ်လည်းကောင်း သတ်မှတ်၍ ရနိုင်ပါသည်။ ရခိုင့်ဘဝတေးသံတို့သည် ပြည်သူ့အသံ၊ ပြည်သူ့အာဘော်၊ ပြည်သူတို့၏အမြင်ကို ရိုးရှင်းပွင့်လင်းစွာဖော်ပြနေသော တေးကဗျာများပင်ဖြစ်ကြပါသည်။

## ၃။ ပြည်သူ့ရှုထောင့်၊ ပြည်သူ့မှုဟန်၊ ရခိုင့်ဘဝတေးသံ

ရခိုင်ဘဝတေးသံများကို သားချော့ရာ၌လည်းကောင်း၊ ပုခက်လွှဲ၊ ဒန်းလွှဲရာ၌လည်းကောင်း၊ သီဆိုခဲ့ကြသည်။ ထိုပြင်မိမိတို့လုပ်ကိုင်ရာ လုပ်ငန်းဌာန အသီးသီးတွင်လည်း သက်ဆိုင်ရာ တေးကဗျာများကို မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုခဲ့ကြပါသည်။ ထိုသဘာဝတေးကဗျာများတွင် ရခိုင်ပြည်သူလူထုတို့၏ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်သွားလာစားသောက်မှု၊ ပေါင်းသင်းဆက်ဆံမှု၊ ရခိုင်မောင်မယ်တို့၏ ချစ်မှုရေးရာများ၊ လူမျိုးဓလေ့ထုံးစံများ၊ ကလေးချော့၊ ပုခက်လွှဲမှုများစသည်ဖြင့် အကြောင်းအရာမျိုးစုံပါဝင်လျက်ရှိနေသည်ကို တွေ့ရပါသည်။ ယင်းတို့အနက်တွင်မှ သင့်လျော်ရာအမျိုးအစား (၂) မျိုးကိုရွေးချယ်ထုတ်နုတ်၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ၎င်းတို့မှာ–

၃၊ ၁။ သိုက်၊ တဘောင်နိမိတ်ဟုအမည်ပေးခြင်းခံရသော တေးကဗျာ

၃၊ ၂။ ဥာဏ်စမ်းသဘောပါသော တေးကဗျာတို့ဖြစ်ပါသည်။

### ၃၊ ၁။ သိုက်၊ တဘောင်၊ နိမိတ်ဟုအမည်ပေးခြင်းခံရသောတေးကဗျာ

ရှေးရခိုင်ပြည်တွင် ဓညဝတီ၊ ဝေသာလီ၊ စမ္ဗဝက်ခေါ် ပဥ္စာ၊ ပုရိန်၊ လောင်းကြက်၊ ခြိတ်၊ မြောက်ဦးအစရှိသော ခေတ်များထွန်းကားခဲ့ကြသည်။ ထိုခေတ်အဆက်ဆက်၌ ရခိုင်ယဉ်ကျေးမှုများလည်း ထွန်းကားလာခဲ့ကြပါသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်၌ မြောက်ဦးခေတ်သည် ရခိုင်ယဉ်ကျေးမှုနယ်ပယ် အကျယ်ပြန့်ဆုံးနှင့် ရခိုင်သဘာဝတေးသီချင်းများစွာ ဖြစ်ထွန်းတိုးတက်ခဲ့ဆုံးဖြစ်ခဲ့ရပါသည်။

ခေတ်အခြေအနေကိုလိုက်၍ ပေါ်ပေါက်ခဲ့ရသော ရခိုင်သဘာဝတေးကဗျာများကို ကလေးချော့ရာ၌လည်းကောင်း၊ လုပ်ငန်းဆောင်တာများလုပ်ကိုင်ရာ၌လည်းကောင်း ပြည်သူတို့က သီဆိုခဲ့ကြပါသည်။ အများအားဖြင့် ခေတ်အခြေအနေအရ ထိုတေးကဗျာများကို သိုက်၊ တဘောင်၊ နိမိတ်ဟုအမည်ပေးခြင်းလည်းခံခဲ့ရပါသည်။ ထိုနိမိတ်၊ တဘောင်၊ သိုက်တို့မှာ

လည်း ပြည်သူ့ရှုထောင့်မှဖော်ထုတ်ခဲ့ကြသော ပြည်သူ့အမြင်၊ ပြည်သူ့အာဘော်၊ ပြည်သူ့အသံများပင်ဖြစ်ပါသည်။

ရခိုင်ပြည်တွင်ကိုလိုနီတို့ အုပ်ချုပ်စဉ်ဖြစ်ပေါ်ခဲ့သောအဖြစ်အပျက်တို့ကို နိမိတ်တဘောင်များဖြင့်စပ်ဆိုခဲ့ကြပါသည်။ နိမိတ်၊ တဘောင်တို့ကလည်း ထိခေတ်၊ ထိုကာလ၏အဖြစ်သနစ်ကထင်ရှားစွာဖော်ပြနေခဲ့ကြသည်ကိုတွေ့ရပါသည်။မဉ္ဇလေးခေတ်တွင် သီပေါမင်းနန်းမတက်မီ–

"တုံးအောက်ကတီတွန်၊ လူလွန်မသား၊

မုံ့ဆီကြော်အလယ်အက်၊ ပြည်ဖျက်မည့်သား"

ဟူ၍ နိမိတ်တဘောင်များ ပေါ်ထွက်ခဲ့ဖူးပါသည်။ ထို့အတူမြောက်ဦးခေတ်၊ သံတွဲမြို့စား မင်းဗာကြီး မြောက်ဦးနန်းကို စိုးစံရန်နိမိတ်တဘောင်များ ထွက်ပေါ်ခဲ့ပါသည်။ ထိုကဗျာမှာ "သံတွဲမင်းပေါ်လတ်မေ"ဟူသော ကဗျာပင်ဖြစ်ပါသည်။

"သံတွဲမင်းပေါ်လတ်မေ"

ခရမ်းသီးလက်ကောက်၊ ပြောင်ပြောင်တောက်
ချီးမှာဝယ်၊ လောင်ပွန်းပြောက်၊
ဂွတ်(ကြွတ်)လိုသုံးဆယ်၊ ရှိ့ကတည်၊
ကြစည်ကောင်းယင့်၊ သံတွဲမင်း
ပေါ်လတ်မေလည်း၊ တော်သလင်း
သံတွဲမြို့ဟောက်၊ အစွယ်ပေါက်
လက်ကောက်ဝတ်လောက်ပျာ
မြောက်ဦးရွှေနန်း၊ တောင်သာစွန်း
နဂါးမောက်ကြီး၊ ဖြန့်လိမေ
လေ––––၊ ဖြန့်လိမေ။[၁]

ဤကဗျာခေါင်းစဉ်၏ အဓိပ္ပာယ်မှာ "သံတွဲမင်းပေါ်လာတော့မည" ဟုဖြစ်ပါသည်။ သံတွဲမြို့စား မင်းဗာကြီးမှာ တော်သလင်းလတွင် မြောက်ဦးရွှေနန်းကို စိုးစံတော့မည်။ ထိုဘုရင်ကို "သံတွဲမြွေဟောက်"ဟု ခိုင်းနှိုင်းကာ အစွယ်မှာလက်ကောက်ဝတ်ခန့်ရှိပြီး နဂါးကဲ့သို့အမောက်ဖြန့်ကာ မြောက်ဦးရွှေနန်းအထိ တန်ခိုးအာဏာစက် ဖြန့်ကျက်ပေလိမ့်မည်ဟု နိမိတ်တဘောင်ပေါ်၍ သီဆိုခဲ့ကြသည်ကို တွေ့ရပါသည်။

---

[၁]စက္ကိန္ဒ၊ အရှင်၊ ၁၉၉၉၊ ၁၀၆။

## ၃။ ၂။ ဥာဏ်စမ်းသဘောပါသော တေးကဗျာများ

အချို့သော ရခိုင့်ဘဝတေးသံကဗျာများတွင် စကားဝှက်ပုစ္ဆာများဖြင့် ပဟေဠိလုပ်ကာသီဆိုဖွဲ့စပ်ထားသည်ကိုတွေ့ရပါသည်။ ရခိုင်ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားလာသည်နှင့်အတူ ရခိုင်စကားအရာတွင် တန်ဆာဆင်မှုများဖြစ်လာရသည်ဟုလည်း ဆိုနိုင်ပါသည်။ ထိုအချက်ကို ရခိုင်သူနန်းတွင်းမိညို၏ "ဆေးလိပ်ပေးလိုက်ပါလေ" ဟူသော ကဗျာတွင် အထင်အရှားတွေ့ရှိရပါသည်။

"ဆေးလိပ်ပေးလိုက်ပါလေ"

ခကိုသဝေ၊ ဝကိုတွယ်လို့

ဝစ်ကိုလည်းစီး၊ လမှာဝတင်

ဂကိုပက်လှန်၊ တံခွန်လည်းရှား

ပုစ္ဆာများကို၊ ပြောလိုက်ပါလေ

ပီးလိုက်လေ။[၁]

ဤကဗျာ၌ ခကို သဝေဆိုလျှင် "ခေ"ဟုရပါသည်။ ဝ ကိုတွယ်လို့ဆိုရာ၌ "ခ" ကို "ဝ"တွယ်လိုက်လျှင် "ဆ"ရပါသည်။ဝစ်ကိုလည်း စီးဆိုရာ၌ ဝစ္စပေါက်ကိုဆိုလိုသဖြင့် ဆေးဟု အဓိပ္ပာယ်ယူပါသည်။ လမှာဝတင်ဟုဆိုရာ၌ "လိ"ရပါသည်။ "ဂ" ကိုပက်လှန်ဆိုရာ၌ "ပ" ဟု ယူရပါမည်။ တံခွန်ဆိုရာ၌ အသတ်ဟုယူလျှင် "ပ" သတ် ဖြစ်သဖြင့် နန်းတွင်းမိညို၏ပုစ္ဆာအဖြေမှာ "ဆေးလိပ်" ပင်ဖြစ်ကြောင်းသိရှိရပါသည်။ မေးသူနှင့် ဖြေသူတို့ အပြန်အလှန် ဥာဏ်စမ်းရင်း ဥာဏ်ရည်မြင့်တက်လာစေနိုင်သည့်အတွက် ခက်ခဲသည်ဟု မဆိုနိုင်သော်လည်း အဆင့်အတန်းမနိမ့်လှသော ပုစ္ဆာတစ်ပုဒ်ဟုဆိုနိုင်ပါသည်။

စကားအဆက်အစပ်နှင့် အမေးအဖြေပြုနေဟန် ဥာဏ်စမ်းတေးကဗျာများကိုလည်း တွေ့ရှိရပါသည်။ ယခုခေတ်ရေပန်းစားနေသော တေးရေးတေးဆို မောင်မောင်ဇော်လတ်၏ တေးသီချင်းတစ်ပုဒ်ဖြစ်သော–

"တောင်ထိပ်မှာ ဘုရားတစ်ဆူ၊ ဆူသည်က ရေနွေးအိုး

အိုးမှာ အိုးလုပ်ငန်း၊ ငန်းမှာ ငန်းတစ်ကောင်

ကောင်သည်ကောင်မလေး၊ လေးမှာ လေးသည်တော်"

စသည့်သီချင်းနှင့် သဘောသဘာဝတူပါသည်။ ထိုတေးကဗျာမှာ သတင်းမီး–ဖြို (သတင်းမေး–ဖြေ) ကဗျာဖြစ်ပါသည်။

"သတင်းမီး–ဖြို"

အဝေ–အဝေ၊ မင်းအဘာဝါ

အဘာချီးပြု၊ လားခရေ

ဇာပါလတ်တေရောင် – (ငတင်းစပ်)

စပ်တေကဇာရောင်၊ (စပ်တေ–ငရုပ်)

ရုပ်တေကဇာရောင်၊ (ရုပ်တေကတန်းတောင်)

တောင်ရေကဇာရောင်၊ (တောင်ရေကတောင်ကြီး)

ကြီးရေကဇာရောင် – (ကြီးရေက ဆင်)

ဆင်ရေကဇာရောင်၊ (ဆင်က– ပုခွက်)

ခက်တေကဇာရောင်၊ (ခတ်တေကဆိပ်ဖူး)

ဖူးရေကဇာရောင်၊ (ဖူးရေက–မောက်ကာ)

ကာရေကဇာရောင်၊ (ကာရေက–ကာတောင်း)

တောင်းရေကဇာရောင်၊ (တောင်းရေတောင်းကျဉ်)

ကျဉ်ရေကဇာရောင်၊ (ကျဉ်ရေ–ကျဉ်တောက်)

တောက်တေကဇာရောင်၊ (တောက်တေကမီး)

မီး(မိန်း) ရေက, ဇာရောင်၊ (မီးရေ–သတင်း)[၁]“သတင်းမီး–ဖြို ”

အမေးကို“မင်းအဖေကော” ဟူသောအမေးနှင့်စပါသည်။ ဖြေသူက အဖေဈေးသွားကြောင်းဖြေလျှင် “ဈေးကဘာပါသလဲ” ဟု အဆက်အစပ်နှင့်မေးပြန်ပါသည်။ဖြေသူက “ငတင်းစပ်” (ငါးတစ်မျိုး၏အမည်) ပါသည်ဟုဖြေပါသည်။ ထိုစပ်၏အဆုံးကိုယူ၍ “စပ်ဆိုသည်မှာဘာလဲ” ဟုမေးရာ “စပ်” မှာ “ငရုပ် ” ဖြစ်ကြောင်းဖြေဆိုရပါသည။ ထိုအဖြေ၏အဆုံးဖြစ်သော “ရုတ်” ကိုထပ်မံယူ၍ “ရုတ်မှာမည်သည့်အရာနည်း” ဟုထပ်၍မေးရာ “ရုတ်မှာတန်းတောင်” (တတောင်) ဖြစ်ကြောင်းဖြေဆိုပါသည်။ ထိုအဖြေ၏အဆုံးဖြစ်သော “တောင်” ၏ အဓိပ္ပာယ်ကိုမေးသူက ဆက်စပ်၍မေးရပါသည်။ ဖြေဆိုသူက “တောင်မှာတောင်ကြီးဖြစ်သည်” ဟုဖြေရပါသည်။ “ကြီးမှာအဘယ်နည်း” ဟုထပ်၍မေးရာ “ကြီးသည် ကဆင်” ဖြစ်သည်ဟု အဆက်အစပ်နှင့် သွက်သွက်ဖြေပါသည်။ ထိုအခါ “ဆင် ဆိုသည်မှာ ဘာလဲ” ဟုထပ်မေးရာ “ဆင်” ဆိုသည်မှာ “ပုခက်” ဖြစ်ကြောင်းဖြေရပါသည်။ (ပုခတ်ဆင်သည်ယူ၍ ဖြေခြင်းဖြစ်ပါသည်။) ထိုအခါအဖြေ၏ အဆုံးဖြစ်သော “ခက်” ကိုယူ၍ ခက်မှာဘာလဲ ဟုမေးပြန်ရာ “ခက်” မှာ “ဆိပ်ဖူး” ဟုဖြေပါသည်။ ရခိုင်တွင် “ခက်” သည် “ဈေးကြီးသည်”ဟုဆိုပါသည်။ ဈေးကြီးသည်မှာ ဆိပ်ဖူးဟင်းဖြစ်သည်ဟု ဆိုလိုဟန်တူပါသည်။ တစ်ဖန် “ဖူးမှာဘာလဲ” ဟု မေးမြန်းရာ “ဖူး” မှာ “မောက်ကာ” ဖြစ်ကြောင်းဖြေပါသည်။ “ကာ” ကိုဆက်၍မေးပြန်ရာ “ကာ” မှာ “ကာတောင်း” ဖြစ်ကြောင်းဖြေဆိုရပြန်ပါသည်။ “တောင်းမှာဘာလဲ”ဟု ဆက်မေးသည့်အတွက် “တောင်း” မှာ “တောင်းကျဉ်” ဖြစ်ကြောင်းဖြေပါသည်။ “ကျဉ်မှာဘာလဲ” မေးရာ “ကျဉ်” က “ကျဉ်တောက်” ဟုထိမိစွာဖြေပါသည်။ “တောက်မှာဘာလဲ” ဟုမေးမြန်းရာ “တောက်” ဆိုသည်မှာ “မီး” ဖြစ်ကြောင်းဖြေပြီး “မီး မှာဘာလဲ ” ဟုမေးရာ “မီး (မေး) မှာ “သတင်း” ဖြစ်ကြောင်း ဆက်တိုက်

ဖြေဆိုပါသည်။သတင်းမေးသည်ဟုအဆုံးသတ်နှင့် ကဗျာအစတွင် ဖခင်ကိုမေးသည့် အကြောင်းအရာကို ဆက်စပ်ယူထားသည်ကိုတွေ့ရပါသည်။ ကဗျာအစတွင် မေးခွန်းမေးသူက ဖခင်၏ သတင်းကို မေးမြန်းခြင်းဖြင့်အစပြုကာ အဆုံးတွင် ဖခင်အကြောင်းသတင်းမေးခြင်းဖြင့် အနားသတ်ထားသည်မှာ အတွေးကောင်းသလို ဉာဏ်ရည် ထက်မြက်ရှင်သန်စေသော သဘာဝတေး ဖြစ်ကြောင်း သတိမူမိစေပါသည်။ မေးသူ၏ အမေးကို ဆက်တိုက်ဖြေဆိုသော အဖြေရှင်ကလည်းကောင်း၊စကားအဆက်အစပ်နှင့် မေးမြန်းတတ်သောအမေးရှင်ကိုလည်းကောင်း အားကျအတုယူဖွယ်ဉာဏ်စမ်းသဘောပါသော တေးကဗျာများကို တွေ့မြင်နိုင်သည့်အတွက် ရခိုင်သဘာဝတေး ကဗျာများ၏ အဆင့်အတန်းကို အကဲခတ်၍ရနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ရခိုင်ဘဝတေးသံတို့သည် ရခိုင်ပြည်သူ ပြည်သားတို့အဆက်ဆက်သီဆိုကျူးရင့်လာခဲ့သော ရှေးဟောင်းတေးကဗျာများဖြစ်ပါသည်။ ထီးမူနန်းဟန်၊ ကြွှန်းသံများမပါရှိဘဲ ပြည်သူ့ရင်မှဖြစ်သော ပြည်သူ့အသံ၊ ပြည်သူ့ရှုထောင့်မှ ဖော်ထုတ်ခဲ့ကြသော ပြည်သူ့အာဘော်၊ ပြည်သူ့မူဟန်များဖြစ်ကြပါသည်။ ကိုလိုနီခေတ်ရွှေပြည်ရခိုင်တွင် နိမိတ်တဘောင်တို့ တွင်ကျယ်နေပြီဖြစ်ကြောင်း တွေ့ရသကဲ့သို့ ထိုနိမိတ်တဘောင်တို့အပေါ်တွင် သက်ဝင်ယုံကြည်မှု ကိုလည်းတွေ့ရပါသည်။ ထိုအချက်မှာလည်း ရေနစ်သူသည် ကောက်ရိုးမျှင်ကို အားကိုးအားထားပြုမိသကဲ့သို့ ကူကယ်ရာမဲ့ဘဝ၊ မျှော်လင့်ချက်မဲ့နေသော ရခိုင်ပြည်သူတို့၏ဘဝအတွက် နိမိတ်တဘောင်ဟူသည်ကား ဆေးတလက်၊မျှော်လင့်ချက်အလင်းတန်းတစ်ခုပင် ဖြစ်လိမ့်မည်ဟုယူဆမိပါသည်။ ပြည်သူတို့စိတ်၌ မတင်မကျ၊ အုံကြွလိုသောစိတ်ကို မိမိတို့လိုချင် တောင့်တနေသောအရာများဖြင့် နိမိတ်တဘောင်များ၊ ကလေးချော့ကဗျာများအဖြစ် ဖန်တီးလျက် ပြည်သူ့အာဘော်အဖြစ် ပို့ဆောင်ပေးခဲ့ကြသည်ဟုဆိုနိုင်ပါသည်။ စာပေယဉ်ကျေးမှု နယ်ပယ်ကိုချဲ့ထွင်ပေးနိုင်သည့် နန်းတွင်းမိညို၏ ဉာဏ်တေးကဗျာ၊ ရခိုင်ပြည်သူတို့၏ စကားပုံ၊ စကားဝှက်၊ စကားတုံး၊ ဇမ်းစကား၊ ပန်းဝှက်စကား၊ စကားဝှက်ပုစ္ဆာ၊ ပဟေဠိအသုံးများကလည်း ရခိုင်ရေမြေ ဒေသ၊ ခေတ်ကာလဝန်းကျင်၊ ပြည်သူများကြားမှ ပေါက်ဖွားလာခြင်းဖြစ်ရာ ဤရခိုင့်ဘဝတေးသံတို့သည် နှုတ်အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ရသည့်သက်တမ်းကာလမှာ မနည်းတော့ပြီဖြစ်ကြောင်း တွေ့မြင်ရပါသည်။

## နိဂုံး

ဆရာတော် အရှင်စက္ကိန္ဒ၏ ကြိုးပမ်းရှာဖွေအားထုတ်မှုဖြင့် ရခိုင်သဘာဝတေးကဗျာများသည် စာနှင့်ပေနှင့် မှတ်တမ်းတင်နိုင်သည့် အခြေအနေသို့ရောက်ခဲ့ပြီဖြစ်ပါသည်။ ၄င်းတို့အနက်ကောင်းနိုးရာရာ တေးကဗျာအချို့ကိုသာ ကဏ္ဍာပိုင်းခြားကာ ကောက်နုတ်လေ့လာ တင်ပြထားပါသည်။ရခိုင့်ဘဝတေးသံအချို့ကို ဖော်ထုတ်လေ့လာခြင်းဖြင့် ရခိုင်တိုင်းရင်းသားတို့၏ ဓလေ့ရိုးရာတေးကဗျာများ မပျောက်ပျက်စေရန် ထိန်းသိမ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ခေတ်ကာလမည်မျှပင်ပြောင်းလဲသော်လည်း သားချော့တေး ကဗျာများဆိတ်သုဉ်းမှု ရှိနိုင်မည်မထင်ပါ။ မိခင်တို့ရှိနေသမျှ သားချော့တေးများလည်း ရှိနေကြ မည်သာဖြစ်ပေသည်။ ပြည်သူ့ရှုထောင့်၊ ပြည်သူ့မူဟန်၊ ရခိုင့်ဘဝတေးသံတို့ဖြင့် သားချော့တေးများ ဖန်တီးကာ ခေတ်အခြေအနေ၊ ရခိုင်ပြည်သူတို့၏ ဉာဏ်ပညာ အဆင့်အတန်းတို့ကို တစ်ထောင့်တစ်နေရာမှ မီးမောင်းထိုးဖော်ပြခဲ့သော ရခိုင့်ဘဝတေးသံတို့ကား ပြည်သူများအကြား၌ ပျံ့နှံ့ရှင်သန်နေခဲ့ကြသည်မှာလည်း အထင်အရှားပင်ဖြစ်ပါသည်။ ပြည်သူရှုထောင့်မှနေ၍ ပြည်သူတို့၏ ကိုယ်ပိုင်မူဟန်များဖြင့် ဖန်တီးခဲ့ကြသော ရခိုင့်ဘဝတေးသံတို့ကို လေ့လာခြင်းဖြင့် တိုင်းရင်းသားတိုင်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာထိန်းသိမ်းသွားနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်မိပါသည်။

## ကျမ်းကိုးစာရင်း


စံကျော်ထွန်း။(၂၀၀၀)။ *ရခိုင်ကဗျာနှင့် အတွေးအခေါ်*။ရန်ကုန်၊ ရခိုင်သားကြီးစာပေ။

စက္ကိန္ဒ၊ အရှင်။(၁၉၉၉)။ *ရခိုင်သဘာဝတေးကဗျာများ*။ဒုတိယအကြိမ်။ ရန်ကုန်၊ မိုးမင်းစာပေ၊ ကလျာပုံနှိပ်တိုက်။

မင်းနိုင်။(၁၉၆၅)။ *ရခိုင်တေးသ*။ ရန်ကုန်၊ ယဉ်ကျေးမှုဌာန။

မြထွန်းအောင်။ (၂၀၀၀)။ *ကိုလိုနီဘဝရွှေပြည်ရခိုင်* ။ ရန်ကုန်၊ ရခိုင်သားကြီးစာပေ